# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

July 13 , 2022 Volume 56, Number 8

၁၃.၇.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၁၉၀ ကျပ် |
| CBM Rate | = ၁၈၅၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၈၅၆.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၅.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၁၉၈.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၅၄.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၅.၂၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၁.၈၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၁၇.၂၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၁.၁၃၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၁ ရက်ထိ စက်မှုကုန်ချောတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံခန့်ရရှိ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၁ ရက်ထိ ပထမသုံးလတွင် မြန်မာနိုင်ငံမှစက်မှုကုန်ချောတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံခန့်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနန္ဒထံမှသိရသည်။

မြန်မာနိုင်ငံမှ စက်မှုကုန်ချောပစ္စည်းများ နိုင်ငံတကာသို့ တင်ပို့နိုင်မှုမှာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခြောက်လတာကာလ အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၁ ရက်ထိ ပထမသုံးလတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၅ ဘီလီယံသာ တင်ပို့နိုင်ခဲ့ကြောင်း ထို့ကြောင့် ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် သုံးလပတ်တွင် ယခင်ဘဏ္ဍာနှစ် ပထမသုံးလ တင်ပို့မှုပမာဏထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

"စက်မှုကုန်ချောကဏ္ဍအနေနဲ့ နိုင်ငံတကာတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေရရှိမှုကတော့ အခုဘဏ္ဍာနှစ် ပထမသုံးလပတ်မှာ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၇ ဘီလီယံလောက်ရရှိထားပါတယ်။ အရင်ဘဏ္ဍာနှစ် ပထမသုံးလပတ်တုန်းက ၁ ဒသမ ၉၅ ဘီလီယံသာရရှိတာကြောင့် အခုဘဏ္ဍာနှစ် ပထမသုံးလပတ်မှာ ကုန်သွယ်မှုပမာဏ တိုးတက်လာခဲ့ပါတယ်။ စက်မှုကုန်ချောအနေနဲ့ အဓိကအများဆုံးတင်ပို့တာကတော့ CMP လက်ခစားချုပ်ပြီး အထည်တွေဖြစ်ပါတယ်" ဟု ဦးနန္ဒကပြောပြသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဇူလိုင် ၁ ရက်ထိ နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုညဒသမ ၈၈၅ ဘီလီယံခန့် ရရှိထားခြင်းဖြစ်ပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၁၄ ဘီလီယံ ရရှိထားကြောင်းသိရသည်။

**Source:** မြန်မာ့အလင်း

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မြန်မာ-ရုရှားနှစ်နိုင်ငံကြား ကုန်သွယ်မှုပိုမိုတိုးမြှင့်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ကုန်သွယ်မှုပိုမိုတိုးမြှင့်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ (ဇူလိုင် ၁၀ ရက်) မွန်းလွဲ ၂ နာရီက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တိုးချဲ့ခန်းမဆောင်၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

တိုးမြှင့်တင်ပို့နိုင်ရေးအစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန်ဦးမင်းမင်းက မြန်မာ့ပို့ကုန်များ ရုရှားနိုင်ငံဈေးကွက်သို့ မဟာဗျူဟာကျကျ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် နည်းလမ်းများရှာဖွေဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာ-ရုရှား

နှစ်နိုင်ငံအကြားကုန်သွယ်မှုသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၆၀ ကျော်သာရှိသဖြင့် အမေရိကန်ဒေါ်လာတစ်ဘီလီယံအထိ တိုးမြှင့်တင်ပို့နိုင်ရေး နှစ်နိုင်ငံလုံးမှ ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည့်အတွက် အစိုးရပိုင်းသာမက ပုဂ္ဂလိကကဏ္ဍပိုင်းမှလည်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်သွားရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံမှ ဆန်၊ ဆန်ကွဲ၊ ပြောင်း၊ ပဲတီစိမ်းအစရှိသော လယ်ယာထွက်ကုန် ပစ္စည်းများကို ရုရှားနိုင်ငံသို့တင်ပို့ရန် အလားအလာရှိသော ကုန်စည်များအဖြစ် ဈေးကွက်သစ်ချဲ့ထွင် တင်ပို့သွားနိုင်ရေးအပေါ် တက်ရောက်လာကြသူများက ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းဆွေးနွေး တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များက မြန်မာနိုင်ငံမှ တင်ပို့ကုန်စည်များနှင့်ပတ်သက်၍ လက်ရှိနှစ်နိုင်ငံ ကုန်သွယ်မှုဆောင်ရွက်နေသည့် အခြေအနေများနှင့် အခက်အခဲများ၊ ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်နိုင်မည့် အလားအလာများနှင့် နည်းလမ်းများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ ကော်ဖီအသင်းနှင့် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံမှ ရုရှားနိုင်ငံသို့ ပို့ကုန်တင်ပို့လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**Source:** ကြေးမုံ

## ပြည်ပသို့ ရွှေငါးကိုးကောင် မြန်မာပန်းပုလက်ရာ ကုက္ကိုသားပန်းအိုးများ တင်ပို့ပေးနေရ



Source: ရတနာပုံသတင်းစာ

ပြည်ပရှိ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်များသို့ ရွှေငါးကိုးကောင် မြန်မာပန်းပုလက်ရာ ကုက္ကိုသားပန်းအိုးများကို အဓိကတင်ပို့ပေးနေရကြောင်း ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင် အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းစင်တာ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ပြည်ပတွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရ ပစ္စည်းအရောင်းဆိုင်များရှိပြီး အဆိုပါ အရောင်းဆိုင်များက မြန်မာအမှတ်တရ ပစ္စည်းများကို မှာယူလေ့ရှိကြောင်း၊ ယခုလ ပထမပတ်မှစ၍ ယနေ့(ဇူလိုင်-၁၁) ထိ ရွှေငါးကိုးကောင် ကုက္ကိုသားပန်းအိုးများ အဓိက မှာယူလျက်ရှိသည့်အတွက် ရခိုင်ပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့ပေးနေရကြောင်းသိရသည်။

"ပြည်ပမှာရှိတဲ့ မြန်မာအမှတ်တရပစ္စည်းအရောင်းဆိုင်တွေကို နယ်စပ်ကုန်သွယ်ရေးကနေ မြန်မာပန်းပုလက်ရာတွေကို လစဉ်တင်ပို့နေပါတယ်။ သူတို့အမိကမှာယူတဲ့အတိုင်း ထုလုပ်ရတာဖြစ်ပါတယ်။ ဒီလထဲမှာတော့ အမြင့် ၁၁ လက်မ၊ အချင်း ခုနစ်လက်မ၊ မျက်နှာဝ ခြောက်လက်မရှိတဲ့ သစ်သားပန်းအိုးတွေမှာပါတယ်။ ပန်းအိုးမှာ ထုလုပ်ပေးရတာတော့ ရွှေငါးကိုးကောင်ပန်းအိုးကို ပတ်ထားတဲ့ပုံစံ ထုလုပ်ပေးရပါတယ်။ အသားကတော့ ကုက္ကိုသားဖြစ်ပါတယ်။ ဒီလထဲမှာ ပန်းအိုးအစုံ ၂၀၀ အော်ဒါရထားပါတယ်။ ကျွန်တော်တို့ ကိုယ်ပိုင်အလုပ်ရုံကပဲ ထုလုပ်မှာဖြစ်ပါတယ်။ ပြည်တွင်းရောင်းဈေးကတော့ ပန်းအိုးနှစ်လုံးတစ်စုံကို ငွေကျပ် ၈၅၀၀၀ ဖြစ်ပါတယ်" ဟု ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

**Source:** ရတနာပုံသတင်းစာ

## နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်မှုလုပ်ငန်းငါးခုအပါအဝင် ဒေါ်လာ ၈၀၇ သန်းကျော်နှင့် ကျပ် ၃၂၁ ဘီလျံကျော်ရှိသည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခု MIC ခွင့်ပြု

နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းငါးခုအပါအဝင် ဒေါ်လာ ၈၀၇ သန်းကျော်နှင့် ကျပ် ၃၂၁ ဘီလျံကျော်ရှိသည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခုကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က ခွင့်ပြုပေးခဲ့ကြောင်းသိရသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၃/၂၀၂၂)ကြိမ်မြောက်အစည်းအဝေးကို ဇူလိုင် ၁၁ ရက် က ကျင်းပခဲ့ရာတွင် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးတွင် ဆောင်ရွက်ဆဲရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၁ ခု၏ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတို့မှ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ၁၉ ခုကို ခွင့်ပြုပေးခဲ့သည်။

အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာ ၈၀၇ ဒသမ ၁၅၅ သန်းနှင့် ကျပ် ၃၂၁ ဘီလျံကျော် (၃၂၁၉၄၈ ဒသမ ၇၅၂ သန်း)ဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၁၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ အဆိုပါအစည်းအဝေးတွင် ခွင့်ပြုခဲ့သော လုပ်ငန်းများတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အမျိုးအစားဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းငါးခု ပါဝင်ကြောင်းသိရသည်။ ခြောက်လအတွင်း မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုအနေဖြင့် စင်ကာပူက ဒေါ်လာ ၂၉၇ သန်းကျော်ဖြင့် အများဆုံးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) ခြောက်လအတွင်း နိုင်ငံအလိုက် ဝင်ရောက်မြှုပ်နှံမှုအနေဖြင့် စင်ကာပူက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၂၉၇ ဒသမ ၃၄၉ သန်း၊ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၄၂ ဒသမ ၁၃၇ သန်း၊ တိုင်ပေက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၈ ဒသမ ၆၄၁ သန်း၊ ပြင်သစ်က ဒေါ်လာ ၀ ဒသမ ၄၉၇ သန်း၊ ဟောင်ကောင်က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၀၉ ဒသမ ၁၄၀ သန်း၊ အိန္ဒိယနိုင်ငံက ဒေါ်လာ ၀ ဒသမ ၅၅၀ သန်း၊ အင်ဒိုနီးရှားနိုင်ငံက ဒေါ်လာ ၅ ဒသမ ၁ သန်း၊ ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ၄ ဒသမ ၅၃၀ သန်း၊ မလေးရှားက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင်ဒေါ်လာ ၀ ဒသမ ၃၁၂ သန်း၊ R.O.K က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၆၂ ဒသမ ၆၉၃ သန်း၊ Samoa က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာနှစ်သန်း၊ Seychelles က ဒေါ်လာ ၁ ဒသမ ၃၄၃ သန်း၊ ထိုင်းနိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာခုနစ်သန်း၊ နယ်သာလန်က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာလေးသန်း၊ U.K က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၀ ဒသမ ၃၃၅ သန်း၊ နီပေါက ဒေါ်လာ ၁ ဒသမ ၅ သန်း ဝင်ရောက်ထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားများကို အဆိုပြုလွှာတင်ပြလာပါက ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာများတင်ပြကြရန် ဖိတ်ခေါ်ထားသည်။

**Source:** https://news-eleven.com/article/233908

## နိုင်ငံခြားသုံးငွေ သုံးစွဲမှုလျှော့ချနိုင်ရေး ယခင်က တစ်နှစ်လျှင် ပြည်ပမှစားသုံးဆီတန်ချိန်ရှစ်သိန်းကျော် တင်သွင်းနေမှုမှ လစဉ်တန်ချိန်ငါးသောင်းခန့်သာ တင်သွင်းရောင်းချရန် စီမံချက်ချမှတ်ဆောင်ရွက်

နိုင်ငံခြားသုံးငွေသုံးစွဲမှုလျှော့ချနိုင်ရေးနှင့် ပြည်တွင်းမှ စားသုံးဆီပိုမိုထုတ်လုပ်နိုင်ရေးအတွက် ယခင်ကတစ်နှစ်လျှင် ပြည်ပမှ တန်ချိန်ရှစ်သိန်းကျော် တင်သွင်းနေမှုအား လစဉ်တန်ချိန်ငါးသောင်းခန့်သာ တင်သွင်းရောင်းချရန် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြောကြားသည်။

"တစ်နှစ်ကို စားသုံးဆီစုစုပေါင်းတန်ချိန် တစ်သန်းပတ်ဝန်းကျင်လောက်လိုတာ ရှိပါတယ်။ အထူးသဖြင့် လူနေမှုစနစ်တွေ ပြောင်းလဲလာတဲ့အတွက် စားသုံးမှုပုံစံ ပြောင်းလဲတဲ့အခါ အစားအသောက်တွေကို ဆီနဲ့ကြော်တဲ့ ပြုပြင်ထုတ်လုပ်ထားတဲ့ အစားအသောက်တွေကို ပိုပြီးစားတဲ့ပုံစံ များပြားလာတဲ့အတွက်မို့ စားသုံးဆီလိုအပ်မှုကလည်း ပိုများလာတဲ့ အနေအထား ရှိပါတယ်" ဟု ပြည်ထောင်စုဝန်ကြီးကဆိုသည်။ ယင်းကဲ့သို့ တန်ချိန် တစ်သန်းဝန်းကျင်လိုအပ်လျက်ရှိရာ ၂၀၂၁ ခုနှစ် အောက်တိုဘာလမတိုင်ခင်အထိ ပြည်ပမှ တစ်နှစ်လျှင် တန်ချိန် ခုနစ်သိန်းခွဲ၊ ရှစ်သိန်း၊ ရှစ်သိန်းခွဲခန့် တင်သွင်းခဲ့ရကြောင်း၊ ကျန်သည့်ဆီကို ပြည်တွင်းမှ ဖြည့်စွက်ကြိတ်ခွဲစားသုံးနေခြင်းဖြစ်ကြောင်းသိရသည်။

"ပြည်ပကနေ ဆီတင်သွင်းမှု၊ လူတစ်ဦးချင်းစားသုံးဆီသုံးစွဲမှုတွေလည်း ကျန်းမာရေးနဲ့ညီညွတ်အောင်လျှော့ချဖို့ ရည်ရွယ်ချက်တွေပါတယ်။ နောက်ပြီး ပြည်ပကနေ တင်သွင်းမှုပမာဏကို လျှော့ချခြင်းအားဖြင့် တိုင်းပြည် အတွက် အရေးကြီးတဲ့ နိုင်ငံခြားသုံးငွေသုံးစွဲမှုကို လျှော့ချဖို့ရည်ရွယ်ချက်တွေပါတယ်။ အထူးသဖြင့်တော့ ပြည်တွင်းဆီစက်လုပ်ငန်းတွေ ပြန်လည်ရှင်သန်လာဖို့နဲ့ ကိုယ့်ပြည်တွင်းမှာထွက်တဲ့ ဆီထွက်သီးနှံကနေပြီးတော့ စားသုံးဆီတွေ ပိုမိုထုတ်လုပ်နိုင်ဖို့ကို ဦးစား ပေးပြီး စီမံချက်ချပြီးတော့ ၂၀၂၂ ခုနှစ်ထဲမှာ ချမှတ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"၂၀၂၁-၂၀၂၂ Mini Budget မှာ ၂၀၂၁ အောက်တိုဘာကနေစပြီးတော့ ပြည်ပကနေ ဆီတင်သွင်းမှုကိုလျှော့ချပြီး ဆောင်ရွက်ခဲ့တဲ့နေရာမှာ အရင်တစ်နှစ်ကို တန်ချိန် ရှစ်သိန်းပတ်ဝန်းကျင် တင်သွင်းနေတာကနေ တန်ချိန်ခြောက်သိန်း ပတ်ဝန်းကျင် တင်သွင်းနိုင်အောင် စီမံချက်တွေနဲ့လျှော့ချဆောင်ရွက်ခဲ့တာ Mini Budget မှာ မျှော်မှန်းထားတဲ့အတိုင်း တန်ချိန် သုံးသိန်းကျော်ပဲ တင်သွင်းသုံးစွဲခဲ့ပါတယ်။ ဒီဘက် ၂၀၂၂-၂၀၂၃ မှာ လစဉ်ရည်မှန်းထားတဲ့ တန်ချိန်ငါးသောင်း ပတ်ဝန်းကျင်ပဲ တင်သွင်းပြီး ရောင်းချနေတာဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ပြောကြားသည်။

အဓိကအားဖြင့် ပြည်တွင်းဆီစက်လုပ်ငန်းများ ပြန်လည်ရှင်သန်လာရေးအတွက်ဖြစ်ကြောင်း၊ စားသုံးဆီပြတ်လပ်မှု ကြောင့် မလိုလားအပ်သည့်ဆိုးကျိုးများ ပြည်ပနိုင်ငံများတွင်ဖြစ်ပွားသကဲ့သို့ မြန်မာနိုင်ငံတွင် မဖြစ်ပွားစေရန် အထူး အလေးထား ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Source:** https://news-eleven.com/article/233907

## ပြည်တွင်းမှ သစ်သီးဝလံများအား တရုတ်နိုင်ငံသို့ Green Channel ဖြင့် လွယ်ကူလျင်မြန်စွာတင်ပို့နိုင်ရန် ဖြေလျှော့ပေး


https://xinhuamyanmar.com

ပြည်တွင်းမှ သစ်သီးဝလံများအား တရုတ်နိုင်ငံသို့ Green Channel ဖြင့် လွယ်ကူ လျင်မြန်စွာတင်ပို့နိုင်ရန် ဖြေလျှော့ပေးပြီးဖြစ်ကြောင်း မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၊ သစ်သီးဝလံကုန်စည်ဒိုင်မှဥက္ကဋ္ဌ ဦးအောင်သက်ဦးက ဆင်ဟွာသို့ ယနေ့ ဇူလိုင် ၁၂ ရက်တွင်ပြောသည်။ ဦးအောင်သက်ဦးက "Green Channel စနစ်ဆိုတာက သစ်သီးတွေကို အထူးလိုင်းဦးစားပေးအနေအထားနဲ့ စစ်ပေးတာပေါ့။ တခြားကုန်ခြောက် တွေနဲ့ ရောမစစ်ဘဲ သစ်သီးကို သီးသန့်တစ်လိုင်းစစ်ပေးတာပါ'' ဟု ပြောသည်။ ယခင်က ပြည်တွင်းမှ သစ်သီးဝလံများအား တရုတ်နိုင်ငံသို့ တင်ပို့ရာတွင်စစ်ဆေးမှုများခံယူရန် ရက် ၂၀ ကျော် ကြာမြင့်ခဲ့ကြောင်းသိရသည်။ "သရက်သီးရာသီကုန်ပြီး ဩဂုတ်လကုန်ဆိုရင် ဖရဲသီးနဲ့သခွားသီးကို တရုတ်နိုင်ငံကို တင်ပို့မှာပါ။ အသီးတွေကို Green Channel လုပ်ပေးတော့ အသီးတွေပုပ်သိုးမှုမရှိဘဲ လတ်လတ်ဆတ်ဆတ်တင်ပို့လို့ရတော့ တင်ပို့မှုမြန်လေ ကုန်ကျစရိတ်သက်သာပြီးတော့ အကျိုးအမြတ်ကတော့ များတာပေါ့'' ဟု ၎င်းက ဆက်ပြောသည်။

မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံဘက်သို့ ဖရဲသီး၊ သခွားသီး၊ သရက်သီးတို့ကို တင်ပို့လျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် သရက်သီးရာသီကုန်ခါနီးပြီဖြစ်ပြီး လက်ကျန်သရက်သီးများအား မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးစခန်း မှ တင်ပို့လျက်ရှိကြောင်းသိရသည်။

**Source:** https://xinhuamyanmar.com/news/business/local/mm-22012070015/

## အင်ဒိုနီးရှားအစိုးရ တန်ဖိုးနည်း ဟင်းချက်ဆီဖြန့်ဖြူးရေး အစီအစဉ်အသစ်ကြေညာ




https://www.foodindustrydirectory.com.mm

အင်ဒိုနီးရှားအစိုးရက ထောက်ပံ့ပေးထားလို့ ဈေးသက်သာနေတဲ့ ဈေးနှုန်းများဖြင့် ရောင်းချမယ့် ဟင်းချက်ဆီထုပ်ပိုးကုန်အသစ်ကို စတင်လိုက်ပြီဖြစ်ကြောင်း၊ အစီအစဉ်တွင်ပါဝင်ဖို့ သဘောတူတဲ့ စားအုန်းဆီထုတ်လုပ်သူများအတွက် မက်လုံးပေးထားကြောင်း ကုန်သွယ်ရေးဝန်ကြီး Zulkifli Hasan က ပြောကြားပါတယ်။

ဟင်းချက်ဆီထုပ်များကို Minyakita ကုန်အမှတ်တံဆိပ်ဖြင့် ရောင်းချပေးမှာဖြစ်ပြီး ရိုးရိုးရှင်းရှင်းထုပ်ပိုးထားတဲ့ ၁ လီတာထုပ်များဖြင့် ဖြန့်ဖြူးပေးမှာဖြစ်ပါတယ်။ ရောင်းဈေးတစ်ထုပ်ကို ရူပီယာ ၁၄,၀၀၀ (၁ အမေရိကန်ဒေါ်လာ နီးပါး) သတ်မှတ်ထားပါတယ်။

အစိုးရကို Minyakita ဆီထုပ်များ ထုတ်လုပ်မှုနှင့်ဖြန့်ဖြူးရေးတို့ကို ကူညီပေးတဲ့ စားအုန်းဆီထုတ်လုပ်သူများကို ၄င်းကူညီတဲ့ ပမာဏရဲ့ ၂၀ % နှင့် ညီမျှသော စားအုန်းဆီကြမ်းပမာဏကို ပြည်ပတင်ပို့ခွင့်ရရှိမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် စားအုန်းဆီထုတ်လုပ်သူတစ်ဦးက စားဆီတန်ချိန် ၇,၀၀၀ ကို Minyakita ဆီထုပ်များအတွက် အသုံးပြုတယ်ဆိုရင် စားအုန်းဆီကြမ်း တန်ချိန် ၄,၈၀၀ စားအုန်းဆီကြမ်း CPO ကို ပြည်ပတင်ပို့ခွင့်ရရှိမယ်လို့ Zulkifli က ပြောကြားပါတယ်။

အစိုးရက Minyakita ကို trade mark မှတ်ပုံတင်ထားပြီး ပုဂ္ဂလိကကုမ္ပဏီများကို အစီအစဉ်မှာ ပါဝင်လုပ်ကိုင်ကြဖို့ တိုက်တွန်းနေပါတယ်။ အစီအစဉ်မှာ သက်တမ်း ၄ နှစ် ပါဝင်ရမှာဖြစ်ပြီး လိုအပ်ပါက သက်တမ်းထပ်တိုးနိုင်ပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4685-minyakita.html

## နယ်စပ်ကုန်သွယ်မှုမူဝါဒ အပြောင်းအလဲရှိသော်လည်း ပဲ၊ နှမ်းဈေးကွက် အရောင်းအဝယ်ပြန်သွက်လာ

နယ်စပ်ကုန်သွယ်မှုတွင် ဒေါ်လာဖြင့်ရောင်းဝယ်ခွင့်ကို ပြန်လည်သတ်မှတ်လိုက်သော်လည်း ပဲ၊ နှမ်းဈေးကွက်၌ ယခုသီတင်းပတ်အတွင်း အရောင်းအဝယ်ပြန်လည်သွက်လက်လာကြောင်း ပဲကုန်သည်များထံက သိရသည်။

နယ်စပ်ကုန်သွယ်မှုတွင် ယွမ်နှင့်ဘတ်တို့ဖြင့် တိုက်ရိုက်ရောင်းဝယ်မှုမှ ဒေါ်လာဖြင့်ပြန်လည်ရောင်းချရန် သတ်မှတ်ချက်ချမှတ် အပြီး ပြည်တွင်းပဲမျိုးစုံဈေးကွက်တွင် အရောင်းအဝယ်သွက်လက်လာခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး၊ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ) က ပြောသည်။

တချိန်တည်းမှာပင် စားဆီဈေးနှုန်း မြင့်တက်လာခြင်းကြောင့် မြေပဲဆံဈေးမှာလည်း စံချိန်တင်ဈေးဖြစ်လာကြောင်းနှင့် တရုတ်နိုင်ငံအတွက် အဝယ်ကောင်းလာခြင်းကြောင့် ပဲတီစိမ်း(အညာ) ဈေးနှုန်းလည်း မြင့်တက်လာကြောင်း သိရသည်။ "စားဆီဈေးတွေမြင့်တက်လာတော့ မြေပဲဆံဈေးက ပြန်မြင့်တက်လာတာ စံချိန်တင်ဈေးဖြစ်လာတယ်။ တစ်ပိဿာ ကျပ် ၄၆၀၀၊ ၄၇၀၀ ကျော်ထိဖြစ်လာတယ်။ ပဲတီစိမ်း အညာဈေးက တရုတ်အဝယ်ကောင်းလာတော့ တစ်အိတ် ကျပ် ၁၅၂,၀၀၀၊ ၁၅၃,၀၀၀ ပေါက်ဈေး ဖြစ်လာပါတယ်။ မတ်ပဲဈေးကတော့ အတက်အကျမရှိ ဈေးငြိမ်နေပါတယ်။ ပဲစင်းငုံဈေးလည်း ဈေးတက်လာပါတယ်။ အသစ်ပေါ်နှမ်းဈေးတွေလည်း ဈေးတက်နေပါတယ်။ ပြည်တွင်းသုံး ပဲမာလိုင်းတွေကတော့ ဈေးတည်ငြိမ်နေပါတယ်။ နယ်စပ်ကုန်သွယ်မှုမှာ ဒေါ်လာနဲ့အရောင်းအဝယ်ပြုလုပ်ရမယ်ဆိုတာနဲ့ အရောင်းအဝယ်က ပိုသွက်လာတယ်" ဟု ၎င်းကပြောသည်။

တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ်ကုန်သွယ်ရေးတို့တွင် ယွမ်နှင့်ဘတ်ငွေတို့ကို မြန်မာကျပ်နှင့်တိုက်ရိုက် အသုံးပြုပေးချေမှုကို ခွင့်ပြုထားသော်လည်း ယခုအခါ အမေရိကန်ဒေါ်လာဖြင့်သာ ဆောင်ရွက်ရန်ညွှန်ကြားခဲ့သည့် ပို့ကုန်ဆိုင်ရာ မူဝါဒကြောင့် ပို့ကုန်သမားများအနေဖြင့် တစ်ခေါက်ခြင်း လိုင်စင်ပြန်လည်လျှောက်ထားလာကြရသဖြင့် ယခင်ကဲ့သို့ ဝယ်ယူတင်ပို့ခြင်းကို ချက်ချင်းမဆောင်ရွက်နိုင်တော့ဘဲ ကြန့်ကြာမှုရှိလာနိုင်သော်လည်း မန္တလေးပဲမျိုးစုံဈေးကွက်အတွင်း အရောင်းအဝယ်မှာမူ သွက်လက်နေသည်ဟု သိရသည်။

**ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်း**

ပဲတီစိမ်းဈေးကွက်မှာ တရုတ်ဝယ်လိုအားကောင်းလာခြင်းကြောင့် တစ်ပတ်အတွင်း သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၅,၀၀၀ ခန့် ဈေးမြင့်တက်လာရာ အညာပဲတီစိမ်းတစ်အိတ် ကျပ် ၁၅၂,၀၀၀ မှ ၁၅၃,၀၀၀ ထိပေါက်ဈေးဖြစ်လာသည်။ မတ်ပဲဈေးမှာ လက်ကျန်ပစ္စည်းနည်းလာခြင်းကြောင့် အမြင့်ဈေးတွင် ဈေးငြိမ်နေပြီး ပဲစင်းငုံဈေးမှာလည်း လိုက်ပါမြင့်တက်လာသဖြင့် သုံးတင်းဝင်တစ်အိတ်ကျပ် ၁၄၀,၀၀၀ ထိ ဖြစ်လာသည်။ နယ်စပ်ကုန်သွယ်မှု အပြောင်းအလဲကြောင့် ပြည်တွင်းပဲဈေးကွက်အတွင်း အရောင်းအဝယ် ပြန်လည်သွက်နေခြင်းဖြစ်သည်။

**မြေပဲ**

ပြည်တွင်းစားအုန်းဆီဈေး မြင့်တက်လာရာ မြေပဲဆံဈေးမှာ စံချိန်တင်ဈေးအဖြစ် ဇွန် ၇ ရက်နေ့တွင် S1 မြေပဲဆံ တစ်ပိဿာ ကျပ် ၄,၆၀၀၊ ၄,၇၀၀ ထိပေါက် ဈေး ဖြစ်လာသည်။ မြေပဲဆီပေါက်ဈေးမှာ တစ်ပိဿာ ကျပ် ၉,၀၀၀ ၊ ၉,၅၀၀၊ နှမ်းဆီတစ်ပိဿာ ကျပ် ၈,၀၀၀၊ စားအုန်းဆီ တစ်ပိဿာ ကျပ် ၈,၇၀၀ ခန့် ပေါက်ဈေးဖြင့် ဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ကုလားပဲV2 တစ်အိတ် ငွေကျပ် ၁၅၅,၀၀၀၊ ကုလားပဲအမျိုးအစားအလိုက် တစ်အိတ်ငွေကျပ် ၄,၀၀၀ခန့် ဈေးပြန်တက်လာသည်။ ပဲယင်းတစ်အိတ်ကျပ် ၁၃၅,၀၀၀၊ ပဲကြီးတစ်အိတ် ငွေကျပ် ၂၁၅,၀၀၀၊ ပဲထောပတ် တစ်အိတ် ငွေကျပ် ၁၅၀,၀၀၀၊ စွန်တာပြာတစ်အိတ် ငွေကျပ် ၁၃၃,၀၀၀၊ မြေထောက်ပဲတစ်အိတ် ငွေကျပ် ၁၇၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ် ငွေကျပ် ၂၉၅,၀၀၀ အသီးသီး ပေါက်ဈေးရှိကြောင်း သိရသည်။

Source: Myanma Awba

## STOCK EXCHANGE (13.7.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th Jul. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +0 | +0.00% | 7,400 | 7,500 | 7,400 | 2 | 14,900 | 33,109,694 | 248,323 |
| MTSH | 00002 | 2,650 | +50 | +1.92% | 2,600 | 2,650 | 2,600 | 1,292 | 3,389,300 | 38,929,150 | 103,162 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 0 | 0 | 10,400,986 | 73,848 |
| FPB | 00004 | 17,500 | +0 | +0.00% | 17,500 | 17,500 | 17,500 | 0 | 0 | 2,472,053 | 43,261 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 1,968 | 4,821,600 | 12,823,224 | 31,417 |
| EFR | 00006 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 19,977,223 | 49,943 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |


### Market summary

As of 13th Jul. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 345.70 | +1.12 | +0.33% | 344.58 | 345.70 | 343.80 | 3,262 | 8,225,800 | 7 | 601,392 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 13th Jul. 2022

| MYANPIX | 345.70 ▲ 1.12 |
|---|---|
| Total Volume (shares) | 3,262 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 601,392 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▲ 0 |
| MTSH | 00002 | 2,650 | ▲ 50 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 17,500 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,500 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR